## မြန်မာနိုင်ငံငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီတပ်ဦးသို့ ဗကပ ရဲ့ အိတ်ဖွင့်ပေးစာ
## (၂၂ – ၁၀ – ၂၀၀၇)

(၁) ဒီမိုကရေစီအလံနဲ့ ငြိမ်းချမ်းရေးအလံကို မြင့်မြင့်မြင့်မားမားလွှင့်ထူထားတာကို ‘ဗကပ’ က ကြိုဆိုပါတယ်။ ဒီပြဿနာ (၂) ခုဟာ ဗမာပြည်ရဲ့ အခြေခံအကျဆုံး ပြဿနာ (၂) ရပ် ဖြစ်ပါတယ်။ နှစ်ပေါင်း (၆၀) ဖြေရှင်းလို့ မရခဲ့တဲ့ပြဿနာ ၂ ရပ်လည်း ဖြစ်တယ်။ (အခု ပြည်တွင်းနိုင်ငံရေး အခြေအနေနဲ့ နိုင်ငံတကာ့အခြေအနေတို့အရ) ဖြေရှင်းပေးနိုင်တော့မယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ –

(က) ပြည်တွင်းနိုင်ငံရေးအင်အားစုများ စည်းလုံးညီညွတ်မှု ရှိနေတယ်။

(ခ) နိုင်ငံတကာ့အခြေအနေကလည်း ဗမာပြည်ရဲ့ နိုင်ငံရေးတည်ငြိမ်နေမှုကို လိုလားနေကြလို့ ဖြစ်တယ်။ ဒီလို ပြည်တွင်းပြည်ပ အခြေအနေမျိုးကို ကျွန်တော်တို့ အရင်က မကြုံခဲ့ဖူးပါဘူး။ အခွင့်အခါကောင်းကို မိမိရရ ဆုပ်ကိုင်ကာ စည်းလုံးညီညွတ်မှုကို ကြံ့ခိုင်စေပြီး ဗမာပြည်ရဲ့ ဒီမိုကရေစီရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အရယူကြပါစို့။

(၂) အထူးသတိပေးလိုတာ ရှိပါတယ်။ ‘တပ်ဦး’ ရဲ့ စည်းလုံးညီညွတ်ရေးကို ကြံ့ခိုင်အောင်လုပ်ဖို့နဲ့ မိမိတို့တဖွဲ့ချင်းအတွင်း စည်းလုံးညီညွတ်မှုကို ကြံ့ခိုင်အောင်လုပ်ဖို့ ဖြစ်ပါတယ်။

ဗမာလူမျိုးကြီးဝါဒီတွေဖြစ်တဲ့ စစ်အုပ်စုဟာ ကောက်ကျစ်ပါတယ်။ နိုင်ငံရေးအာဏာကိုလည်း ရယူထားသူ ဖြစ်ပါတယ်။ သူတို့က သွေးခွဲတာ လုပ်ပါလိမ့်မယ်။ သတိရှိကြဖို့ လိုပါတယ်။

(၃) မိတ်ဆွေတို့နဲ့ ကျွန်တော်တို့ကြားမှာ ဘယ်တုန်းကမှ ရန်/ငါ ပဋိပက္ခ မရှိခဲ့ပါဘူး။ စစ်အုပ်စုနဲ့မိတ်ဆွေတို့ရဲ့ ဆက်ဆံရေးကတော့ အခုလက်တွေ့က ပြနေပါပြီ။ မိတ်ဆွေတို့ကို သူတို့က ဘယ်တုန်းကမှ “နိုင်ငံရေးအဆင့်နေရာ” မပေးခဲ့ပါဘူး။ ဗိုလ်ခင်ညွန့်ပေးခဲ့တဲ့ ကတိတွေကလည်း တခုမှ မတည်ခဲ့ပါဘူး။ စစ်အုပ်စုက သင်တို့ရဲ့ အားအနည်းဆုံး နေရာကို အလစ်အငိုက် တိုက်ခိုက်လာမှာကို သတိရှိကြပါ။ မိတ်ဆွေတို့အတွင်း သွေးခွဲလာမှာကို သတိရှိကြပါလို့ အကြံပေးပါတယ်။

(၄) သင်တို့နဲ့ပတ်သက်ပြီး ‘ဗကပ’ က အောက်ပါအတိုင်း ‘ပေါ်လစီ’ ချထားပါတယ်။

- သစ္စာရှိသော မိတ်ဆွေများအဖြစ် ဆက်ဆံမယ်။
- တာဝန်ရှိရှိ၊ အကြံဉာဏ်ပေးမယ်။ အကြံဉာဏ်ကို သင်တို့ ကြိုက်ရင်ယူ၊ မကြိုက်ရင်ပယ်ဖို့ပဲ။
- ကျွန်တော်တို့ဟာ ‘မော်စီတုန်းအတွေးအခေါ်’ ကို အတူလေ့လာခဲ့ကြတယ်။ အတူလုပ်ဆောင်ခဲ့ကြတယ်။ ‘မော်စီတုန်းအတွေးအခေါ်’ အပေါ် ထာဝစဉ်သစ္စာရှိကြဖို့ နှိုးဆော်မယ်။